# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 5 , 2022 Volume 59, Number 3


| ၅.၁၀.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၁၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၁၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်ဆိပ်ကမ်း ၇ ခု၌ နိုင်ငံတကာကုန်သေတ္တာတင်သင်္ဘောအစင်း ၅၀ ဆိုက်ကပ်ပြေးဆွဲပေးသွားမည်

ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း ၂ ခု အပါအဝင် ဆိပ်ကမ်း ၇ ခု၌ ယခုလအတွင်း ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ ခုမှ နိုင်ငံတကာ ကုန်သေတ္တာတင်သင်္ဘောအစင်း ၅၀ ဆိုက်ကပ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိဆိပ်ကမ်းများ၌ ပို့ကုန်ကဏ္ဍတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လိုအပ် သည့် စာရွက်စာတမ်းဖြင့်ဝင်ခွင့်ပြုကာ အကောက်ခွန်ဦးစီးဌာနမှစစ်ဆေးပြီး ကုန်ပစ္စည်းတင်ပို့မှုအား စီမံဆောင်ရွက်လျက်ရှိသည်။

သွင်းကုန်ကဏ္ဍတွင်လည်း ကုန်သင်္ဘောမှချသည့် ကုန်သေတ္တာများအား ယာယီ စုပုံထား၍ ဝယ်ယူသူများကိုယ်တိုင် စာရွက်စာတမ်းဖြင့် အခွန်အခပေးဆောင်ကာ ကုန်သေတ္တာများကို မြန်ဆန်စွာထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များ၊ အထည်အလိပ်ကုန်ချောများ၊ စက်မှုဇုန် ထုတ် ကုန်ချောပစ္စည်းများနှင့် အခြားထွက်ကုန်များအား ရေကြောင်းမှပို့ဆောင်ရာတွင် ဆိပ်ကမ်းအဝင်အထွက် မြန်ဆန်စွာတင်သွင်းပို့ဆောင်နိုင်ရန်လည်း ဆောင်ရွက်ပေး လျက်ရှိသည်။

နိုင်ငံတော်မှ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန်၊ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်နှင့်သွင်းကုန်များ မြန်ဆန်စွာတင်သွင်းနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**Source: Popular News Journal**

## ဒေါ်လာဈေးကျလာသော်လည်း ပြည်တွင်း၌ ဆေးနှင့်ဆေးပစ္စည်း ဈေးနှုန်းမကျသေး

မြန်မာနိုင်ငံတွင် ရက်ပိုင်းအတွင်း ဒေါ်လာဈေးများ အနည်းငယ်ပြန်ကျလာသော် လည်း အမေရိကန်ဒေါ်လာဈေး တစ်ရှိန်ထိုးမြင့်တက်စဉ်က ဈေးနှုန်းမြင့်တက်ခဲ့သည့် ဆေးနှင့်ဆေးပစ္စည်းများ လတ်တလောတွင် ဈေးနှုန်းမကျသေးကြောင်း ဆေးရောင်းချ သူများ၊ ဆေးဝါးဝယ်ယူအသုံးပြုနေကြသူများထံမှသိရသည်။

"အခုကတော့ တချို့ကုမ္ပဏီတွေက ဈေးပြန်ကျမယ်လို့ ပြောနေကြတယ်။ လက်ရှိ မှာတော့ ဈေးနှုန်းတွေ ပြန်မကျသေးဘူး။ ဆေးဝါးအကုန်လုံးတော့ မဟုတ်နိုင်ဘူး။ တချို့က ဆေးထိုးပိုက်တို့၊ ဆေးထိုးပြွန်တို့စသဖြင့် Accessories တွေတော့ ဈေးပြန်ကျမယ်လို့ပြောကြတယ်"ဟု ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆေးဆိုင် ဖွင့်လှစ်ထားသူတစ်ဦးက အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

လက်ရှိတွင် ဆေးဝါးများ၊ ဖြည့်စွက်စာများ အမြဲဝယ်ယူသောက်သုံးနေရသူများအနေဖြင့် ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်နေပြီး ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းပြန်ကျရန် မျှော်လင့်နေကြောင်းသိရသည်။ ဩဂုတ်လအတွင်း ပြည်တွင်း၌ ဆေးဝါးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းများ နှစ်ဆမြင့်တက်လာမှုအခြေအနေများ ဖြစ်ပေါ်ခဲ့ပြီး ဆေးဝါးသောက်သုံးနေရသူများအပြင် ဆေးခန်းများတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဆေးဝါးနှင့်ဆေးဝါးအထောက်အကူပြုပစ္စည်း တင်သွင်းရာတွင် သွင်းကုန်လိုင်စင်များကို ယခင်ကဲ့သို့ တစ်ဆင့်ချင်း တင်ပြရခြင်းမဟုတ်ဘဲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထားခွင့်ကို ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**Source: http://sdtimedaily.com/**

## ပြည်တွင်းသကြား တရုတ်ပြည်သို့ တင်ပို့မှုမရှိတော့




တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု လုံးဝမရှိတော့ကြောင်း သကြားကုန်သည်များထံမှ သိရသည်။ တရုတ်နိုင်ငံမှ သကြားကို လျှော့ချဝယ်ယူလိုက်သည့်နောက်ပိုင်းတွင် သကြားကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အရည်ဖျော်၍တင်ပို့ခဲ့ကြောင်း သကြားတင်ပို့သူတချို့ထံမှသိရသည်။ ထို့နောက် တင်ပို့ရာတွင် အခက်အခဲများရှိခဲ့သည့်အတွက် တင်ပို့မှုမရှိတော့ကြောင်းသိရသည်။

"တရုတ်ကို မသွားကြတော့ဘူး။ အရည်နဲ့တင်ပို့တာက သဘောလောက်ပဲဖြစ်သွားတယ်။ သကြားကို ခက်ခက်ခဲခဲ အခဲဖြစ်အောင်လုပ်ထားပြီးမှ သူ့ကိုအရည်အဖြစ် လုပ်ထားတာပေါ့။ တရုတ်ကို ပို့မရတော့ဘူး။ နယ်စပ်ဂိတ်တွေလည်း ပိတ်ထားတာဆိုတော့၊ အခု ဗီယမ်နမ်တခုပဲပို့တယ်"ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိန်ထွန်းကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်မှစပြီး တရုတ်နိုင်ငံမှသကြားကို လျှော့ချဝယ်ယူလိုက်သည့်နောက်ပိုင်းတွင် သကြားကိုအရည်ဖျော်၍ တင်ပို့ခွင့်ကို လိုင်စင်လျှောက်ထားခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် သကြားကို တင်လဲရည်အဖြစ်ပြောင်းပြီး တင်ပို့ဖြစ်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး တင်လဲရည်အဖြစ် တင်ပို့ရန်အတွက် အပူပေးရမည့် စက်ရုံလိုအပ်ခြင်း၊ ပုံမှန်မတင်ပို့နိုင်ဘဲ ကြန့်ကြာနေပါက အေးခဲသွားခြင်း၊ ဈေးနှုန်းမမှန်ကန်ဘဲ ပြောင်းလဲနေခြင်း၊ တစ်ခါတစ်ရံ အမှာမရှိသည့်အခါ လက်ဝယ်တွင်သောင်တင်နေခြင်း စသည့်အခက်အခဲများကြောင့် လုပ်ငန်းရှင်များက လုပ်ငန်းလုပ်ကိုင်ရန် တွင်ကျယ်မှုမရှိဖြစ်ခဲ့ကြောင်းလည်း သိရသည်။

လက်ရှိသကြားအား ဗီယမ်နမ်နိုင်ငံတခုတည်းသာတင်ပို့နေရကြောင်း ကုန်သည်များထံမှသိရသည်။ လက်ရှိအချိန်အထိ တန်ချိန် တစ်သိန်းကျော်ထိ တင်ပို့ထားပြီးဖြစ်ကြောင်းသိရသည်။ လက်ရှိ ပြည်ပ export ပုံမှန်သွားနေရပြီး ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်း လဲခွင့်ရထားခြင်းကြောင့် export သမားလဲ အဆင်ပြေနေကြောင်းလည်း ကုန်သည်များကဆိုသည်။

သကြားဈေးကွက်အနေအထားကြည့်မည်ဆိုပါက လာမည့်ရာသီတွင်လည်း စားသုံးသူနှင့်တောင်သူများအားလုံး အဆင်ပြေလာနိုင်မည့် ဈေးကွက်တခုဖြစ်လာနိုင်ကြောင်း သုံးသပ်ထားသည်။ ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် သကြားတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။

AMIA

**Source: https://t.me/htwettoe**

## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော ပြောင်းဈေးကွက်များအခြေအနေ



https://www.foodindustrydirectory.com.mm

ဥရောပနှင့် အမေရိကန်တို့တွင် မိုးခေါင်မှုများကြောင့် ကမ္ဘာ့ပြောင်း အထွက်နှုန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိသော်လည်း တရုတ်နှင့် ယူကရိန်းတွင် ထုတ်လုပ်မှုတိုးမြင့်သည်ဟု သိရပါသည်။ ကမ္ဘာ့ပြောင်း ရောင်းလိုအားဘက်တွင် အသားတင်မြင့်တက်မှုများရှိမည်ဟု ခန့်မှန်းသော်လည်း ကမ္ဘာ့ဝယ်လိုအား အားကောင်းနေသည့်အတွက် ကမ္ဘာ့ပြောင်း ဈေးနှုန်းများ သမိုင်းဝင်လောက်အောင် ဆက်လက်မြင့်နေနိုင်ပါသည်။

**အမေရိကန်ပြောင်း ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ (ဒေါ်လာ/ဘူရှယ်)**

အမေရိကန်ပို့ကုန်အပေါ် တောင်အမေရိကနှင့် ပင်လယ်နက်တို့မှ ဖိအားကြောင့် ဝယ်လိုအားကျဆင်းလာရာ၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ချီကာဂိုဈေးကွက်၌ ပြောင်းဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကာ၊ (၀.၆) ရာခိုင်နှုန်း ကျဆင်း၍ တစ်ဘူရှယ်လျှင် အမေရိကန်ဒေါ်လာ (၆.၇၃) ရှိခဲ့ပါသည်။ အမေရိကန်တွင် ထုတ်လုပ်မှုကျဆင်းသောကြောင့် ပြောင်းတင်ပို့မှုမှ ရရှိမည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၀.၁) ဘီလီယံကျဆင်း၍ ဒေါ်လာ (၁၉.၁) ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ အမေရိကန်ပြောင်းနှင့်အပြိုင်ဖြစ်သည့် တောင်အမေရိကဘက်မှ ပြောင်းထုတ်လုပ်မှုနှင့်ပို့ကုန်တင်ပို့မှုမှာ နောက်နှစ်သီးနှံ ရာသီတွင် တိုးမြင့်လိမ့်မည်ဟု ခန့်မှန်းချက်များရှိပါသည်။

**အာဂျင်တီးနားရှိ ပြောင်းလက်ကားဈေးနှုန်းများ (ဒေါ်လာ/မက်ထရစ်တန်)**

အာဂျင်တီးနားပြောင်း၏ လက်ကားဈေးနှုန်းမှာ ယခုနှစ်၊ ဇန်နဝါရီလတွင် မြင့်တက်ခဲ့ပြီး၊ ဧပြီလတွင် (၁၁၉.၇) ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ကာ၊ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၁.၄၅) ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ စက်တင်ဘာလတွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁.၈၁) ဒေါ်လာရှိလာပါသည်။ ထုတ်လုပ်မှုစရိတ် မြင့်မားလာခြင်း၊ ကမ္ဘာ့ဝယ်လိုအား တိုးမြင့်လာခြင်းတို့ကြောင့် အာဂျင်တီးနားတွင် ဈေးနှုန်းများ ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားပါသည်။

**ဘရာဇီးလ်ရှိ ပြောင်းလက်ကားဈေးနှုန်းများ (ဒေါ်လာ/မက်ထရစ်တန်)**

ဘရာဇီးလ်နိုင်ငံ၏ လေလံမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄)ဒေါ်လာ တက်လာကာ (၂၉၄) ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ ဩဂုတ်လအတွင်း ဘရာဇီးလ်ပို့ကုန်မှာ မက်ထရစ်တန်ချိန် (၇.၆)သန်းရှိခဲ့ပါသည်။ ယခုနှစ် နိုဝင်ဘာလ အတွက် စာချုပ်ချုပ်ဆိုရာ၌ R$ ၀.၀၄ ပိုမိုလာပြီး R$ (၈၉.၄၇) ရှိခဲ့ပါသည်။

**Source: Market Information Service– DOP– MOALI**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5086-corn.html

## အိန္ဒိယတွင် စီးပွားဖြစ် 5G ကွန်ရက်ဝန်ဆောင်မှု စတင်ဖြန့်ကြက်ပြီ

အိန္ဒိယနိုင်ငံမှာ စီးပွားဖြစ် 5G ကွန်ရက်ဝန်ဆောင်မှုကို အောက်တိုဘာ ၁ ရက်စပြီး တရားဝင်ဖြန့်ကြက်လိုက်ပြီ ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ခြောက်ကြိမ်မြောက် အိန္ဒိယမိုဘိုင်းကွန်ဂရက်မှာ ကြေညာလိုက်ပါတယ်။

ဒီလိုဖြန့်ကြက်လိုက်ပေမယ့် အောက်တိုဘာ ၁ ရက်ကစပြီး ဒီဝန်ဆောင်မှုကို စတင်အသုံးပြုနိုင်ဦးမှာမဟုတ်ဘဲ အချိန် အနည်းငယ်တော့ စောင့်ဆိုင်းရမှာဖြစ်ပါတယ်။ 5G ကွန်ရက်ဝန်ဆောင်မှုကို Reliance Jio ၊ Vodafone နဲ့ Airtel တို့က ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ 5G ကွန်ရက်ဝန်ဆောင်မှုကို ဒေလီ၊ ချန်နိုင်း၊ မွမ်ဘိုင်း၊ ကိုးလ်ကတ္တား၊ ပူနေး၊ ဘန်ဂလာရူ အပါအဝင်မြို့ကြီး ၂၂ မြို့မှာ စတင်ဖြန့်ကြက်သွားမှာ ဖြစ်ပါတယ်။ Reliance Jio ကုမ္ပဏီကတော့ အောက်တိုဘာ ၂၄ ရက်မှာ ချန်နိုင်း၊ ဒေလီ၊ ကိုးလ်ကတ္တားနဲ့ မွမ်ဘိုင်းတို့မှာ စတင်ဝန်ဆောင်မှုပေးမှာဖြစ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတစ်ဝန်း ဝန်ဆောင်မှုပေးမယ်လို့ ပြောပါတယ်။

Airtel ကုမ္ပဏီကလည်း မြို့ကြီးတွေမှာ စတင်ဝန်ဆောင်မှုပေးသွားမှာဖြစ်ပြီး ၂၀၂၄ ခုနှစ်မှာ နိုင်ငံတစ်ဝန်း ကွန်ရက်ဖြန့်ကြက်ပြီး ဝန်ဆောင်မှုပေးသွားမှာဖြစ်ကာ Vodafone ကတော့ များမကြာမီ စတင်သွားမယ်လို့ ပြောဆိုထားပြီး အသေးစိတ်ကိုတော့ ထုတ်ပြန်ခြင်းမရှိပါဘူး။

Airtel က 5G ဝန်ဆောင်မှုအတွက် ဈေးနှုန်းကို 4G ဈေးနှုန်းအတိုင်း ဝန်ဆောင်မှုပေးမယ်လို့ ထုတ်ဖော်ပြောဆိုထားပြီး Reliance Jio ကတော့ ဒေါ်လာ ၁၅၀ အောက် တန်ဖိုးနည်း 5G ဖုန်းတွေ ထုတ်လုပ်ဖို့စီစဉ်နေပါတယ်။

Source: http://sdtimedaily.com/

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာ ၂၃ ရက်အထိ ပြည်ပကုန်သွယ်မှု ဒေါ်လာ ၁၆ ဒသမ ၃၁၈ ဘီလျံရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၈၆၇ သန်းကျော် ကုန်သွယ်မှုပိုမိုပြုလုပ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ပြည်ပကုန်သွယ်မှုဒေါ်လာ ၁၆ ဒသမ ၃၁၈ ဘီလျံရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၈၆၇ သန်းကျော် ကုန်သွယ်မှု ပိုမိုပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၈၁၅၉ ဒသမ ၀၅၇ သန်း၊ သွင်းကုန်တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၈၁၅၉ ဒသမ ၀၃၃ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၆၃၁၈ ဒသမ ၀၉၀ သန်း(၁၆ ဒသမ ၃၁၈ ဘီလျံ)ရရှိခဲ့သည်။ ယခင်နှစ်ကာလတူက ပို့ကုန်တန်ဖိုး ဒေါ်လာ ၆၈၄၂ ဒသမ ၅၈၄ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၆၆၀၈ ဒသမ ၄၈၃ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၃၄၅၁ ဒသမ ၀၆၇ သန်း (၁၃ ဒသမ ၄၅၁ ဘီလျံ)ရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ငါးလခွဲအတွင်းမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၈၆၇ ဒသမ ၀၂၃ သန်း ပိုမိုရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံနှင့် သွင်းကုန်ဒေါ်လာ ၁၄ ဘီလျံဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုဒေါ်လာ ၂၉ ဒသမ ၅ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာအချက်အလက်များ (Citizen's Budget) တွင် ဖော်ပြ ထားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း ပြည်ပကုန်သွယ်မှုဒေါ်လာ ၁၄ ဘီလျံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၅၀၀ ကျော် ကုန်သွယ်မှုပိုမိုပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီလျံအထိရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

**Source:** https://news-eleven.com/article/238348

## စက်တင်ဘာလ ၂၄ ရက်မှ ၃၀ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်မှ ၃၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ရာဘာ၊ ပိုးလုံးအိမ်၊ ဆန်ကွဲ၊ ပဲတီစိမ်း၊ ငရုတ်သီး(အခြောက်)၊ ကြိမ်နှင့်ဆန်များတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၉၈၈၅၆ ဒသမ ၇၃ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဓါတ်မြေသြဇာများ၊ ချည်ထည်များ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုများနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၆၆၇၄၃ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့

အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၂၅၃၄ ဒသမ ၀၆ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၀၉၂၇၇ ဒသမ ၀၆ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုံည ဒသမ ၃၄၁ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃ ဒသမ ၂၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုံဂိတ်ဌာန**

## စစ်တွေကုန်သွယ်ရေးစခန်း၏ စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း ကုန်သွယ်မှုအခြေအနေ

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၇-၉-၂၀၂၂) မှ (၂၃-၉-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ ဂျင်း(အစို)၊ ငါးမြစ်ချင်း၊ တံမျက်စည်း အကြမ်း၊ ဇီးယိုထုပ်၊ ဆန်ကြာဇံ၊ ကွမ်းသီး၊ ဇီးဖတ်၊ ငါးခေါင်းပွနှင့် မန်ကျည်းစေ့တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၆၆၉၀၂ ဒသမ ၄၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းအရေအတွက် ၃၀၆ ဒသမ ၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်းအရေအတွက် ၃၁၃ ဒသမ ၅၆ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏမှာ ၃၈၃၈၄၆ ဒသမ ၄၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: သဇင်မြေကုန်သွယ်မှုဇုံဂိတ်ဌာန**

## STOCK EXCHANGE (5.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +0 | +0.00% | 9,500 | 9,600 | 9,500 | 52 | 496,100 | 33,109,694 | 317,853 |
| MTSH | 00002 | 3,550 | -50 | -1.39% | 3,550 | 3,600 | 3,550 | 3,485 | 12,372,150 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 20 | 156,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | -500 | -2.50% | 20,000 | 20,000 | 19,500 | 111 | 2,170,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 215 | 592,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 207 | 564,250 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

### Market summary

As of 5th Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 418.89 | -1.26 | -0.30% | 419.03 | 420.72 | 417.70 | 4,090 | 16,350,500 | 7 | 728,714 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 5th Oct. 2022

| MYANPIX | 418.89 ▼ 1.26 |
|---|---|
| Total Volume (shares) | 4,090 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 728,714 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 0 |
| MTSH | 00002 | 3,550 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR